# “စာပေမြင့်မှ လူမျိုးတင့်မည်”

မြန်မာစာ မြန်မာစကား တည်တံ့ပြန့်ပွားရေးကို ပံ့ပိုးအားပေးမြှင့်တင်ခြင်းဖြင့် မြန်မာမှုကို ထိမ်းသိမ်းကြပါစို့။

## ၂၀၁၃ ခုနှစ် ဆန်ဖရန်စစ္စကို ဘေးဧရိယာ

# မြန်မာစာပေဟောပြောပွဲ

## မြန်မာကဗျာရွတ်ဆိုမှု နှင့် စာစီစာကုံးအရေး ပြိုင်ပွဲ

၂၀၁၃ ခုနှစ် ဆန်ဖရန်စစ္စကို ဘေးဧရိယာ၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော စာပေဟောပြောပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက် နားဆင် ဆွေးနွေးကြပါရန် ရင်းနှီးခင်မင်စွာ ဖိတ်ခေါ်ပါရစေ။

**စာရေးဆရာများ ဦးစီး အကဲဖြတ်မည့်** မြန်မာကဗျာ (၁၀နှစ်/၁၅နှစ် အောက်) အဆို နှင့် အရေး ပြိုင်ပွဲများ ပါဝင်ပါမည်။

ဟောပြောမည့် စာပေအနုပညာရှင်များ –

### ဆောင်းဂင်းလတ် “စာရေးဆရာနဲ့ ဘဂအတွေ့အကြုံ”

၁၉၇၃ အောက်တိုဘာလထုတ်သွေးသောက်မဂ္ဂဇင်းမှာဂဏ္ဍုတို စရေးခဲ့ပြီး ဒီနေ့ အထိ မြန်မာနိုင်ငံကစာနယ်ဇင်းများမှာ ဂဏ္ဍုတို၊ဂဏ္ဍုရှည်၊ကဗျာ၊ဆောင်းပါး တွေကို ရေးသားနေဆဲ၊ ပင်ကိုယ်ရေး လုံးချင်းဂဏ္ဍုစာအုပ် ၁၂ အုပ် ရေးသားထုတ်ဝေခဲ့၊ ဘာကိုရွေးမလဲရွှာကလေးရယ်နှင့် အခြားဂဏ္ဍုတိုများ(၁၉၉၄)၊ လွမ်းလောက်ပေသည် လုံးချင်းဂဏ္ဍု (၂၀၀၁) နှင့် နံနက် (၃) နာရီ လုံးချင်းဂဏ္ဍု(၂၀၀၃) များ အတွက် အမျိုးသားစာပေ ဂဏ္ဍုတို၊ ဂဏ္ဍုရှည် ဆုပေါင်း သုံးဆု ရရှိခဲ့သည်။

### မောင်ကောင်းမြင့် “စာရေးဆရာ၏ အမြင်”

၁၉၆၅ မှ စတင်ပြီး စာပေ၊ သတင်းစာ နယ်သို့ ရောက်ရှိ။ ခေတ်ဟောင်း၊ ခေတ်သစ် စာကြည့်တိုက်ခရီး၊ ကလေးသူငယ်သုတစာပေ၊ ကမ္ဘာ့နိုင်ငံများ၊ စာအုပ်တို့ကိုရေးသားပြုစုခဲ့။ တက္ကသိုလ်သတင်းထောက်၊ ပညာရေးသတင်းထောက်၊ အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာ အဖြစ် ဗိုလ်တထောင်၊ မြန်မာ့သတင်းစဉ်၊ မြဝတီနှင့် လူငယ်ဂျာနယ် တို့၌ အနှစ်၂၀ကျော်တာဝန်ထမ်းခဲ့။ ပန်း၊ သတင်းကမ္ဘာ၊ ယနေ့ကမ္ဘာ နှင့် အတွေးအမြင်တို့ကို တည်းဖြတ်ထုတ်ဝေခဲ့။ ၁၉၈၉ခုနှစ်မှစပြီး ယောမင်းကြီးစာပေတိုက်ကို တည်ထောင်သည်။

### မောင်စိုးချိန် “ခေတ်ပေါ်ကဗျာ”

၁၉၇၃ မှ စတင်ပြီး စာပေနယ်သို့ ရောက်ရှိ။ ကဗျာ ၊ ဝတ္ထု ၊ အက်ဆေး ၊ ဆောင်းပါး ၊ ရုပ်ပုံလွှာ ၊ စာပေ ဝေဖန်ရေး တို့ ကို ရေးသီဆဲ။ ဝတ္ထု တို စုစည်းမှု ၃ အုပ် ၊ ကဗျာ ၅ အုပ် ၊ ရုပ်ပုံလွှာ ၁ အုပ် ၊ နိုင်ငံရေးစစ်တမ်း ၁ အုပ် ၊ ထုတ်ဝေခဲ့ပြီး။ တာဝန်ခံ အယ်ဒီတာအဖြစ်နှင့် သစ္စာ တော်လှန်ရေး စာပေ မဂ္ဂဇင်းကို ထုတ်ဝေခဲ့။ မောင်စိုးချိန် အပြင် အခြားကလောင်ခွဲများမှာ -ဖလုံ အောင်မြင့်စိုး ၊ ထွန်းလင်းအောင် ( သစ္စာ ) ၊ အေပရယ် ၊ အေးမြနှင်းရည် ၊ ထူးတင့် ၊ စောမိုးအောင် ၊ လင်းသစ်အောင် ၊ နွေဦး ( သစ္စာ ) တို့ ဖြစ်သည်။

## နိုဝင်ဘာ ၂၃၊ ၂၀၁၃၊ စနေနေ့ ညနေ [၆] နာရီ မှ [၁၀] နာရီ

## Los Cerritos Community Center - Fremont

**3377 Alder Ave (Cross St. Fremont Blvd), Fremont, CA 94536**

မြန်မာ့ရိုးရာလက်ဖက်နှင့် မြန်မာအစားအစာများ သက်သတ်လွတ်အစားအစာများလည်းပါရှိပါမည်။

### ဆက်သွယ်ရန်

ကိုသောင်းညွန့်(၅၁၀ ၃၇၁ ၂၃၇၂)၊ ကိုချိုဦး(၅၁၀ ၅၅၂ ၇၉၇၃)၊ ကိုစိန်(၅၁၀ ၅၇၉ ၈၅၀၆)ကိုမောင်မောင်လတ် (၅၁၀ ၅၃၃ ၆၄၂၄)
ကိုစံလင်း(၆၅၀ ၃၉၂ ၅၆၀၁)၊ ကိုနိုင်ဝင်း(၄၀၈ ၉၈၃ ၂၄၄၃)၊ Anil Verma(၅၁၀ ၄၈၅ ၃၇၅၁)၊ ကိုညွန့်သန်း(၅၁၀ ၂၂၀ ၁၃၂၃)၊

ဗမာအမေရိကန်၊ ဒီမိုကရေစီ မဟာမိတ် [BADA] အဖွဲ့ နှင့် စာပေ ဝါသနာရှင်များ ပူးပေါင်း စီစဉ်သည်။ www.badasf.org